သတင်းထုတ်ပြန်ချက်။

## စဉ်ဆက်မပြတ် တိုးတက်မှုဆီသို့ ဦးဆောင်လျက်ရှိသူ Mr BRAD JONES ကို WAVE MONEY ၏ အမှုဆောင် အရာရှိချုပ် အဖြစ် စာချုပ်သက်တမ်း တိုးမြှင့်ခဲ့




**WAVE MONEY ကိုယ်စားလှယ် ၁၀,၀၀၀ ဦးမြောက် ဖြစ်သော အောင်ပန်းမြို့ စံကောင်း လက်ဖက်ရည်ဆိုင် ပိုင်ရှင်၊ Wave Money အဖွဲ့သားများ နှင့်အတူ Mr Brad Jones အား တွေ့ရစဉ်။**

**ရန်ကုန် ၁၇ ဇူလိုင် ၂၀၁၇** - Telenor Group၊ First Myanmar Investments နှင့် ရိုးမဘဏ်တို့မှ ကိုယ်စားလှယ်များ ပါဝင်သည့် Digital Money Myanmar ကုမ္ပဏီလီမိတက် (Wave Money) အမှုဆောင်များအဖွဲ့သည် Mr Brad Jones အား Wave Money ၏ CEO အဖြစ် စာချုပ်သက်တမ်း (၂)နှစ် ထပ်တိုးရန် အတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။ ဤစာချုပ်ချုပ်ဆိုမှုသည် ကမ္ဘာ့အဆင့်မီ ကျွမ်းကျင်ပညာရှင်များနှင့် အတူတကွ ပူးပေါင်း လုပ်ဆောင်၍ မြန်မာနိုင်ငံအတွင်း ကျွမ်းကျင် အတတ်ပညာရှင်များကို ပျိုးထောင်ပေးမည့် ကုမ္ပဏီတစ်ခုအဖြစ် ဆက်လက် ရပ်တည်သွားမည့် Wave Money ၏ ကတိကဝတ်ပင် ဖြစ်သည်။

"ဒီလို တိုးတက် ပြောင်းလဲနေတဲ့ ကာလအတွင်းမှာ ဆက်လက် တာဝန်ထမ်းဆောင်ခွင့်ရတဲ့အတွက် အလွန်ပဲ စိတ်လှုပ်ရှားမိပါတယ်။ အရင်က ရှိပြီးသား ဘဏ်စနစ်နဲ့ မတူကွဲပြားတဲ့ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းကို ပြည်သူတွေ ပိုမို အသုံးပြုလာတာနဲ့အမျှ လူမှုဘဝ အဆင့်အတန်းတွေကို ပိုမို တိုးတက်လာစေတဲ့အပြင် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းကနေ ထောက်ပံ့ပေးပါတယ်။ ကျွန်တော်တို့ ထူးခြားဆန်းသစ်တဲ့ နည်းစနစ်တစ်ခုကို ဖန်တီးနိုင်ခဲ့ပြီးတော့ ရရှိထားတဲ့ အောင်မြင်မှုအပေါ်မှာ အခြေခံပြီး Wave Money နဲ့အတူ မြန်မာနိုင်ငံကို ကမ္ဘာ့မိုဘိုင်းလ် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းရဲ့ အောင်မြင်မှု ပြယုဂ်တစ်ခု ဖြစ်လာစေဖို့ ကြိုးစား ပုံဖော်နေကြပါတယ်။ ဒီလုပ်ငန်းရော ကျွန်တော့် အဖွဲ့ရော တဟုန်ထိုး တိုးတက်လာတဲ့ အတွက်လည်း အံ့သြဝမ်းသာမိပါတယ်။ နောက်လာမယ့် (၂) နှစ်တာ ကာလအတွင်းမှာ ဒီထက်ပိုပြီး တိုးတက်လာဖို့လဲ မျှော်လင့်ပါတယ်။" ဟု Wave Money ၏ CEO ဖြစ်သူ Mr Brad Jones က ပြောကြားခဲ့သည်။

Brad ကို ၂၀၁၅ ခုနှစ် မေလ ကုမ္ပဏီ စတင် ဖွဲ့စည်းစဉ် ကတည်းက CEO အဖြစ် ခန့်အပ်ခဲ့ပြီး ၎င်းမတိုင်ခင်ကပင် အကျိုးတူကုမ္ပဏီ တည်ထောင်ရန် တယ်လီနောမှ ကြိုတင် ငှားရမ်းထားခဲ့ခြင်း ဖြစ်သည်။ သူ၏ ရာထူးသက်တမ်း ကာလအတွင်းတွင် မိုလ်ဘိုင်းငွေကြေးဝန်ဆောင်မှု စည်းမျဉ်းစည်းကမ်းသစ်အရ Wave Money ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော လိုင်စင်ရ ကုမ္ပဏီ ဖြစ်လာခဲ့သည်။ လက်ရှိတွင် ကိုယ်စားလှယ်ပေါင်း ၁၀,၀၀၀ ရှိနေပြီး မြန်မာနိုင်ငံ၏ အကြီးမားဆုံး မိုလ်ဘိုင်းငွေကြေးဝန်ဆောင်မှု ကိုယ်စားလှယ် ကွန်ရက်ကြီး တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ကမ္ဘာ့အဆင့်မီ ဝန်ဆောင်မှုများ ပေးနိုင်ရန် အတွက် Wave Money ၏ Call Center သည် အသုံးပြုသူများနှင့် ကိုယ်စားလှယ်များကို (၂၄)နာရီ ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးနေပါသည်။

Brad ၏ စာချုပ် သက်တမ်းတိုးမှုနှင့် စပ်လျဉ်း၍ "မြန်မာနိုင်ငံတွင်း ငွေကြေးဂန်ဆောင်မှုလုပ်ငန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ မြင့်မားတဲ့ ရည်မှန်းချက်ရှိပါတယ်။ စတင် တည်ထောင်ခဲ့တဲ့ အချိန်ကနေ အရေးကြီးတဲ့ (၂)နှစ်တာ ကာလအတွင်း အဲဒီ ရည်မှန်းချက်အတွက် Brad ရဲ့ ဦးစီးလုပ်ဆောင်ချက်တွေက အရေးပါခဲ့ပါတယ်။ ကျွန်တော်တို့ဟာ Brad ကို Wave Money ရဲ့ ဦးဆောင်သူအဖြစ် ဆက်လက် ထားရှိပြီး တိုးတက်မှုတွေ အရှိန်အဟုန်မြှင့်စေဖို့ နည်းဗျူဟာတွေကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု Wave

Money နှင့် SVP Telenor ဒစ်ဂျစ်တယ် စီးပွားရေး အမှုဆောင်ဥက္ကဋ္ဌ Mr Petter Furberg က ပြောကြားခဲ့သည်။

"Wave Money က အခုဆိုရင် မြန်မာပြည်တွင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်းရဲ့ ဦးဆောင်သူ နေရာမှာ ရှိနေပါတယ်။ Yoma ဘဏ် နှင့် FMI ရဲ့ ရှယ်ယာရှင်တွေကလည်း Bradကို Wave Money ရဲ့ CEO အဖြစ် စာချုပ် သက်တမ်းတိုးတာနဲ့ ပတ်သက်ပြီး အပြည့်အဝ ထောက်ခံပေးပြီး နောက်ထပ် ရရှိလာမယ့် အောင်မြင်မှုတွေ အတွက် စိတ်လှုပ်ရှားနေမိပါတယ်။" လို့ ရိုးမဘဏ် CEO ဖြစ်ပြီး Wave Money ၏ ဒါရိုက်တာ တစ်ဦးလည်း ဖြစ်သော Hal Bosher က မှတ်ချက်ပြုခဲ့သည်။

**Wave Money အကြောင်း**

Wave Money သည် မြန်မာနိုင်ငံတဝှမ်း ကိုယ်စားလှယ်ပေါင်း ၁၀,၀၀၀ကျော်ဖြင့် လုပ်ငန်း လည်ပတ်နေသည့် ရှေ့ဆောင် မိုလ်ဘိုင်းငွေကြေးဝန်ဆောင်မှု လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ Wave Money သည် တယ်လီနော၊ ပထမမြန်မာရင်းနှီးမြုပ်နှံမှု (FMI) နှင့် ရိုးမဘဏ်တို့ အတူတကွ လက်တွဲပူးပေါင်း ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပြီး နိုင်ငံတဝှမ်းရှိ ကိုယ်စားလှယ် ကွန်ယက်မှ တဆင့် လျင်မြန်၊ လုံခြုံ၊ လွယ်ကူသော မိုလ်ဘိုင်းငွေကြေးဝန်ဆောင်မှု တစ်ခုဖြစ်ပါသည်။ Wave Money သည် မြန်မာနိုင်ငံ တဝှမ်းလုံးရှိ သန်းပေါင်းများစွာသော ပြည်သူများ အတွက် ထူးခြားဆန်းသစ်သော ငွေလွှဲဝန်ဆောင်မှုအား မိတ်ဆက်ပေးခဲ့ပါသည်။ Wave Money မှတဆင့် မြန်မာနိုင်ငံရှိ ပြည်သူများ အချိန်မရွေး နေရာမရွေး ငွေလွှဲနိုင်ပြီ ဖြစ်ပါသည်။

ပြီး။

Media Contact Person

Mr.Aung Bo Bo Win

Havas Riverorchid Media for Wave Money

bobo.win@havas-ro.com

(95) 9 420110296